EMReF
Enlightened Myanmar
Research Foundation

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

အမှတ် (၂၄)၊ ဖေဖော်ဝါရီ ၇ ရက်၊ ၂၀၁၇

# မြောင်းမြကိုယ်စားလှယ်အဆိုအား တရားသူကြီးချုပ်မှ လွှတ်တော်တွင် ဆွေးနွေးရန်မသင့်ဟု ကန့်ကွက်

ဖေဖော်ဂါရီ ၂၊ ၂ဂ၁၇

မြောင်းမြမြို့နယ်၊ တိုင်းဒေသကြီးကိုယ်စားလှယ်မှ တင်သွင်းသည့်အဆိုအား တရားသူကြီးချုပ်က ကန့်ကွက်ကြောင်းနှင့် အဆိုအား ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးရန်မသင့်ကြောင်း ကန့်ကွက်ခဲ့သည်။

တရားသူကြီးအချို့၏ အဂတိလိုက်စားမှုများကို တိုက်ဖျက်၍ မှန်မှန်ကန်ကန် စီရင်ချက်ချမှတ်စီရင်နိုင်ပါရန် တရားရေးကဏ္ဍကို ထိန်းကျောင်းတည့်မတ်ပေးရေး တိုက်တွန်းကြောင်းအဆိုအား မြောင်းမြမြို့နယ်ကိုယ်စားလှယ်ဒေါ်ခိုင်ဇင်ဦးက တိုင်းဒေသကြီးလွှတ်တော်တွင် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တင်သွင်းခဲ့သည်။

အဆိုအား တိုင်းတရားသူကြီးဦးသန်းထွန်းက "ဘက်လိုက်တယ်၊ တရားမျှတမှုမရှိဘူး၊ ဆုံးဖြတ်ချက်မမှန်ဘူး၊ တရားစီရင်ရေးမဏ္ဍိုင်ယိမ်းယိုင်နေတယ်၊ သုံးနိုင်ပါတယ်။ လွှတ်တော်ကိုတင်ပြလိုတာက နာမည်ဆိုးဆိုတဲ့ စကားလုံးကို အဆိုကထုတ်ပေးဖို့ တင်ပြအပ်ပါသည်" ဟု ဧရာဝတီတိုင်းဒေသကြီး တရားသူကြီးချုပ်ဦးသန်းထွန်းက လွှတ်တော်တွင် ဆွေးနွေးခဲ့သည်။

"ကျွန်မတို့ ကိုယ်စားလှယ်တွေထံမှာ လာရောက်တိုင်ကြားခံရမှုများသော ဌာနမှာ တရားရုံးများ ဖြစ်သည်။ တရားရုံးများတွင် တရားသူကြီးများသည် ၎င်းတို့၏ စာရေးများနှင့် အမှုသည်များ၏ရှေ့နေများနှင့် ပူပေါင်းလာဘ်ပေးလာဘ်ယူမှုများ၊ ပေါင်းစားမှုများ ရှိနေတာကို ကြားသိနေကြောင်း၊ အမှုသည်



ဓာတ်ပုံ-မဇ္ဈိမ

ထံ တိုက်ရိုက်တောင်းခံခြင်းမရှိသည့်အတွက် အဂတိလိုက်စားမှုကို ဖော်ထုတ်ရန် ခဲယဉ်းနေသည်။ ပေးနိုင်ကတစ်မျိုး၊ မပေးနိုင်ကတစ်မျိုး၊ အမိန့်ကိုအမျိုးမျိုးချလျက် လုပ်ဆောင်မှုများစွာ ရှိနေပါတယ်ဆိုတာ ပြည်သူအများ တိုင်ကြားမှုများအရ သိရှိနေပါတယ်" ဟု ဒေါ်ခိုင်ဇင်ဦးက ဆွေးနွေးခဲ့သည်။

ယင်းအဆိုနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရက ဖေဖော်ဝါရီလ ၃ ရက်နေ့ လွှတ်တော်တွင် သဘောထားအားတင်ပြရန် ဆုံးဖြတ်ခဲ့သည်။

တရားရုံးဆုံးဖြတ်မှုအား မကျေနပ်ပါက ထပ်မံတိုင်ကြားမှုများရှိနိုင်ကြောင်း ဧရာဝတီတိုင်း၊ တရားသူကြီးချုပ်ဦးသန်းထွန်းက လွှတ်တော်တွင် ပြောသည်။

*(ကိုးကား - http://www.mizzimaburmese.com)*

# လွှတ်တော်ရုံးဝန်ထမ်း သီးသန့်ထားမည်

ဖေဖော်ဝါရီ ၁၊ ၂၀၁၇

ရောဝတီတိုင်းဒေသကြီး လွှတ်တော်ရုံးတွင် ယခင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများကို လွှတ်တော်ရုံးတာဝန်များထမ်းဆောင်စေရာမှ လာမည့်ဧပြီလတွင် လွှတ်တော်ရုံးဝန်ထမ်း သီးသန့်ထားကာ လုပ်ငန်းတာဝန် သီးခြားဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

"လွှတ်တော်ရုံးဝန်ထမ်း အဖွဲ့အစည်း အနေနဲ့ သီးခြားခွဲပြီးတော့ ဆောင်ရွက်သွားမှာပါ။ ပြည်နယ်/တိုင်းဒေသကြီးအားလုံးရော ပြည်သူ့လွှတ်တော်ရော၊ အမျိုးသားလွှတ်တော်ရောပါတယ်။ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲအဖြစ် တာဝန်ယူသွားမယ်လို့ MPU (Myanmar Parliamentary Union) အစည်းအဝေးကနေ သိရပါတယ်" ဟု တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ပြောကြားသည်။

"ဒီဌာန(ထွေ/အုပ်ဌာန)မှာပဲ ဆက်နေမယ့်သူများတာကြောင့် လွှတ်တော်မှာ ဝန်ထမ်းအင်အားနည်းသွားမှာရယ်၊ လွှတ်တော်ရုံးလုပ်ငန်းကလည်း ရပ်ထားလို့မရတော့ လက်ရှိလွှတ်တော်ထဲမှာရှိတဲ့ ထွေအုပ်ဝန်ထမ်းတွေက တစ်နှစ်တာဝန်ထမ်းဆောင်ပေးရပါမယ်" ဟု ရောဝတီတိုင်းဒေသကြီး ထွေ/အုပ်ဦးစီးဌာန ညွှန်ကြားရေးမှူးဦးမျိုးမင်းထွန်းက ရှင်းပြသည်။

ထွေ/အုပ်ဦးစီးဌာနနှင့် သီးခြားခွဲခြားဆောင်ရွက်ပြီးပါက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများတွင် ဖွဲ့စည်းပုံဝန်ထမ်းအင်အား ၁၂၄ ဦးရှိပြီး တိုင်းဒေသကြီးများတွင် ဖွဲ့စည်းပုံ၏ ၃ ပုံ ၂ ပုံနှင့် ပြည်နယ်များတွင် ဖွဲ့စည်းပုံ၏ထက်ဝက်ခန့်ထားမည် ဖြစ်ကြောင်း၊ ဝန်ထမ်းခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်းများကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်ရုံးနှင့် ထွေ/အုပ်ဦးစီးဌာန သီးခြားဆောင်ရွက်ပြီးပါက ဘတ်ဂျက်နှင့်ငွေစာရင်းများကိုလည်း သီးခြားဆောင်ရွက်မည်ဖြစ်သကဲ့သို့ ယူနီဖောင်းလည်း ပြောင်းလဲမည်ဖြစ်ကြောင်း သိရသည်။

*(ကိုးကား - The Voice Daily ကောက်နုတ်တင်ပြသည်)*



## သတင်းဓာတ်ပုံ

ကယားပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလှထွေး နှင့် ပြည်သူ့ငွေစာရင်း စောင့်ကြည့်စစ်ဆေးရေး ကော်မတီတို့မှ ကယားပြည်နယ်အုပ်ချုပ်ရေးမှူးနေအိမ် ဆောက်လုပ်ခြင်းပြီးစီးမှုအား ဇန်နဝါရီလ ၃၁ နေ့က စစ်ဆေးနေစဉ်။

*(ကိုးကား - ကယားပြည်နယ်လွှတ်တော် Facebook Page)*

# အတည်ပြုထားသည့် အဆိုများကို မွန်ပြည်နယ်အစိုးရ အပြည့်အဝ အကောင်အထည် မဖော်နိုင်

ဖေဖော်ဝါရီ ၂၊ ၂၀၁၇

ဒုတိယအကြိမ် လွှတ်တော်သက်တမ်း တစ်နှစ်ပြည့်ချိန်တွင် မွန်ပြည်နယ်လွှတ်တော်က အတည်ပြုထားသော အဆို ၂၀ ကို ပြည်နယ်အစိုးရက အပြည့်အဝ အကောင်အထည်မဖော်နိုင်သေးကြောင်း မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ပြောကြားသည်။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်း တစ်နှစ်အတွင်း အဆို ၂၃ ခု တင်သွင်းနိုင်ခဲ့ပြီး မေးခွန်းပေါင်း ၁၀၁ ခု မေးမြန်းခဲ့ကြောင်း၊ တိုင်ကြားစာ ၄၈၆ စောင်ရှိပြီး တိုင်ကြားစာများကို အစိုးရထံ လွှဲပြောင်းသည့် တိုင်ကြားစာ ၁၂၅ စောင်ရှိရာ ၅၈ စောင်ကို အစိုးရက ပြန်လည်ဖြေကြား ရှင်းလင်းခဲ့ကြောင်း သိရသည်။

လွှတ်တော်တွင် အတည်ပြုထားသော အဆိုများအနက် ပြည်နယ်အစိုးရအနေနှင့် လုပ်ကိုင်နိုင်သည်များကို ချက်ချင်းဆောင်ရွက်နိုင်သော်လည်း ပြည်နယ်အစိုးရထံ တင်ပြရကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောကြားသည်။

*(ကိုးကား - The Voice Daily ကောက်နုတ်တင်ပြသည်)*



## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်ဟုဆိုကာ ရခိုင်ပြည်နယ်လွှတ်တော်က တစ်မြို့နယ်လျှင် ကျပ်သိန်း ၅၀ ပေး

ဖေဖော်ဝါရီ ၁၊ ၂၀၁၇

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်ဟုဆိုကာ ရခိုင်ပြည်နယ်လွှတ်တော်က တစ်မြို့နယ်လျှင် ကျပ်သိန်း ၅၀ စီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ပြည်ထောင်စုလွှတ်တော်က ချပေးထားသည့် ပြည်နယ်လွှတ်တော်အသုံးစရိတ်တွင် ပိုလျှံနေသည့်ငွေများကို ယခုကဲ့သို့ ခွဲဝေပေးအပ်လိုက်ခြင်းဖြစ်သည်ဟု သိရသည်။

"ဒီလောက် ငွေကြေးလောက်နဲ့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ဆိုတာက နမ်းတစ်စေ့နဲ့ ဆီဖြစ်လာမှာတော့ မဟုတ်ပါဘူး။ ဟာသ တစ်ခုလို့ပဲ ကျွန်တော်မြင်ပါတယ်"ဟု ဘူးသီးတောင်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးထွန်းအောင်သိန်းက သူ့အမြင်ကို ပြောခဲ့သည်။

"သိန်း ၅၀ တည်းနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ခုမှဆောင်ရွက်လို့ရမှာ မဟုတ်ပါဘူး။ နောက်ပြီး မဲဆန္ဒနယ်တစ်ခုမှာ အမှတ်(၁)မဲဆန္ဒနယ်နဲ့ အမှတ်(၂)မဲဆန္ဒနယ်ဆိုပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ယောက်စီရှိတော့ တစ်ယောက်စီကို ၂၅ သိန်းပဲရမှာပါ။ ဒါပေမယ့် ဒီပိုက်ဆံကိုတော့ ကျွန်တော်တို့မဲဆန္ဒနယ်မှာ လုံးဝလိုအပ်တဲ့ နေရာတစ်ခုခုကိုရှာပြီးတော့ အထောက်အကူဖြစ်အောင် သုံးစွဲသွားဖို့ ကျွန်တော် စဉ်းစားထားပါတယ်"ဟု ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်က ပြောသည်။

*(ကိုးကား - နီရွှေရာ http://burmese.bnionline.net/)*

## သတင်းတို

■ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

*(ကိုးကား - ကယားပြည်နယ်လွှတ်တော် Facebook Page)*

■ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့၌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂ ဦးက မေးခွန်းများ စတင်မေးမြန်းခဲ့သည်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုးက ပုသိမ်မြို့နယ်၊ ဖိုးရွှေမြကုန်း- သဲဂရက် ကျေးရွာချင်းတက်ငကျောက်ခင်းလမ်းကို အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း၊ တပ်မတော်သားကိုယ်စားလှယ်ဗိုလ်ကြီးကျော်ထွန်းက အင်္ဂပူမြို့နယ်၊ ဘွက်ကျေးရွာအုပ်စုရှိ တတက (၅) မူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းတို့ကို မေးမြန်းခဲ့သည်။ အဆိုပါ လမ်းနှင့်ကျောင်းသည် တပ်နယ်မြေများနှင့် ထိစပ်သော ဧရိယာများတွင်ရှိကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ရှင်းပြသည်။

*(ကိုးကား - The Voice Daily ကောက်နုတ်တင်ပြသည်)*

# ကရင်ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာဆွေးနွေး

ဇန်နဝါရီ ၂၈၊ ၂၀၁၇

ကရင်ပြည်နယ်ရှိ ကျေးလက်ဒေသချင်းဆက်လမ်းဖောက်လုပ်ရာတွင် ကောင်းမွန်သော နည်းလမ်းများ ရရှိစေရန်အတွက် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာမူကြမ်းအတွက် အကြံဉာဏ်ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ ရက်နေ့က ဘားအံမြို့နယ်တွင် ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း၊ ဆွေးနွေးပွဲတွင် ကျေးလက်ဒေသချင်းဆက်လမ်းများနှင့်ပတ်သက်၍ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးက ဒေသအတွင်း ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန်ရှိသည်များကို ရှင်းပြခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များက ဒေသတွင်းလမ်းများ၏အာမခံချက်နှင့်ပတ်သက်၍ မေးမြန်းခြင်း၊ တင်ဒါခေါ်ယူရာတွင် ဒေသခံကုမ္ပဏီများကို ဦးစားပေးစဉ်းစားရန် တင်ပြခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် တိုက်တွန်းပြောကြားခြင်း၊ လမ်းများအဆင့်အတန်းမီအောင် ဖောက်လုပ်ရန် အကြံပြုဆွေးနွေးခဲ့သည်။

"ခုလို အစိုးရအဖွဲ့အစည်းတွေရယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ ဌာနဆိုင်ရာရယ် တွေ့ဆုံပူးပေါင်းပြီး ရှေ့ဆက်လုပ်ရမယ့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေကို ဆွေးနွေးခြင်းဖြင့် အကျိုးရှိလာပါလိမ့်မယ်၊ ရရှိလာတဲ့မူကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆီတင်ပြသွားမှာပါ" ဟု ကရင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်က ပြောကြားသည်။

*(ကိုးကား - The Voice Daliy ကောက်နုတ်တင်ပြသည်)*

EMReF
Enlightened Myanmar Research Foundation

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တပ်မတော်သားကိုယ်စားလှယ်(၉)ဦး အစားထိုးပြောင်းလဲ

ဖေဖော်ဝါရီ ၃၊ ၂၀၁၇

၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် (၉)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်။

■ ■ ■

| | | | |
|---|---|---|---|
| | ကယားပြည်နယ်လွှတ်တော် | | |
| ၁။ | ကြည်း ၂၆၇၂၄ | (အစား) | ကြည်း ၂၂၀၀၀ |
| | ဗိုလ်မှူးမင်းသူ | | ဗိုလ်မှူးကြီးမြင့်ဝေ |
| | စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် | | |
| ၂။ | ကြည်း ၃၆၀၀၁ | (အစား) | ကြည်း ၄၆၃၁၂ |
| | ဗိုလ်ကြီးဝင်းမင်းအောင် | | ဗိုလ်ကြီးသက်ဇော်လင်း |
| ၃။ | ကြည်း ၃၆၀၁၀ | (အစား) | ကြည်း ၅၀၁၇၂ |
| | ဗိုလ်ကြီးခန့်ဟိန်း | | ဗိုလ်ကြီးရန်မျိုးအောင် |
| | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် | | |
| ၄။ | ကြည်း ၄၃၂၅၉ | (အစား) | ကြည်း ၂၆၉၃၄ |
| | ဗိုလ်ကြီးသက်နိုင်စိုး | | ဗိုလ်မှူးကြီးကျော်ဇေယျ |
| | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | | |
| ၅။ | လေ ၃၀၈၈ | (အစား) | လေ ၂၈၅၅ |
| | ဗိုလ်မှူးရန်နိုင်စန်း | | ဗိုလ်မှူးကျော်သူရ |
| | ရခိုင်ပြည်နယ်လွှတ်တော် | | |
| ၆။ | ကြည်း ၃၀၈၆၀ | (အစား) | ကြည်း ၃၀၄၃၁ |
| | ဒုတိယဗိုလ်မှူးကြီးမင်းဦး | | ဒုတိယဗိုလ်မှူးကြီးမြတ်မင်းထွေး |
| | ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | | |
| ၇။ | ကြည်း ၃၆၂၅၈ | (အစား) | ကြည်း ၃၆၄၇၄ |
| | ဗိုလ်မှူးစံသာနေအောင် | | ဗိုလ်မှူးကိုကိုလတ် |
| | ရှမ်းပြည်နယ်လွှတ်တော် | | |
| ၈။ | ကြည်း ၃၅၆၉၉ | (အစား) | ကြည်း ၄၇၆၉၀ |
| | ဗိုလ်ကြီးအောင်ကျော်မြင့်ဝင်း | | ဗိုလ်ကြီးအောင်သက်ဦး |
| ၉ ။ | ကြည်း ၅၁၄၇၇ | (အစား) | ကြည်း ၁၉၃၁၅ |
| | ဗိုလ်ကြီးမြတ်မင်းအောင် | | ဗိုလ်မှူးကြီးမင်းမင်းလွင် |

*(ကိုးကား- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် ၄/၂၀၁၇၊ မြန်မာ့အလင်း)*